CITY SCHOOL DISTRICT OF ALBANY

KAWEEDA G. ADAMS, SUPERINTENDENT OF SCHOOLS

October 27, 2017

လေးစားအပ်ပါသော မိသားစုများခင်ဗျာ။

City School District of Albany အနေဖြင့် အစိုးရပညာရေးဌာနမှ ကျွန်ုပ်တို့ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းပရဝုဏ် အကဲဖြတ်ဆန်းစစ်ရေး (School District Evaluation (DTSDE) Review)ကို စုံစမ်းလေ့လာရေး ကိရိယာတစ်မှတဆင့် ဆက်လက်လုပ်ကိုင်လိုပါ၍ ယင်းလုပ်ငန်း၏ ကဏ္ဍတစ်ရပ်အနေဖြင့် သင်၏ထင်မြင်ချက်ကို အလွန်စိတ်ဝင်စားလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ မိသားစုဝင်/ ကျောင်းဆွေ မျိုးနှင့်လုပ်ဖော်ကိုင်ဖက်များသည် သင့်ကလေးငယ်ကျောင်းသား၏ အောင်မြင်မှုအတွက် အဓိကကျနေပါသည်။

သင့်အနေဖြင့် မိသားစု ဆုံတွေ့ပတ်သက်မှု စစ်တမ်း (***The Family Engagement Survey)*** တွင် ပါဝင်ရန် ရှိမရှိ မေးမြန်းပါတော့မည်။ ကျွန်ုပ်တို့ ၏ ဝက်ဘ်ဆိုက် www.albanyschools.org တွင် လင့်ခ်တစ်ခု တွေ့ရှိနိုင်ပါသည်။ စစ်တမ်းကောက်ယူသည့်နေရာကိုဒီဇင်ဘာလ 22 ရက်နေ့ထိ ဖွင့်လှစ်ထားမည်ဖြစ်ပါသည်။စစ်တမ်းကို ဖြည့်စွက်ရန်အလွန်လွယ်ကူပါသည်။ လင့်ခ်ကို ကလစ်နှိပ်ပြီးပါက ပက်စ်ဝက်မေးလျှင် **Albany** ဟု ရိုက်ထည့်ပါ။စစ်တမ်းကောက်ယူရာတွင်အဆင့် 5 ပိုင်းအပေါ်တွင် အဆင့်သတ်မှတ်သည့် မေးခွန်းအခု 50 ရှိပါသည်။ ထိုနေရာတွင်  သင့်ထင်မြင်ယူဆချက်ကို ဖြည့်ပေးနိုင်ရန် လွတ်လပ်သောပုံစံမေးခွန်း သုံးခုလည်း ရှိပါသေးသည်။ စစ်တမ်းကောက်ယူချက် အဖြေများအားလုံးကို ဖြေဆိုသူအားမသိရှိစေရန် လျှို့ဝှက်ထားမည် တစ်နည်းအားဖြင့် ဖြေဆိုသူ မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ပြမည်မဟုတ်ပါ။  အိမ်ထောင်စု တစ်စုလျှင် စစ်တမ်းတစ်စောင်နှုန်းဖြင့်သာ ကောက်ယူမည် ဖြစ်ပါသည်။

ထို့အပြင် ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့်တကွ grades 3 မှ 12 ထိ ကျောင်းသားများကိုပါ စစ်တမ်းကောက်ယူပါမည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏ စီမံကိန်းချမှတ်ရေးအတွက် အရေးကြီးသော ပြီးပြည့်စုံသည့်ဒေတာဘေ့စ်တစ်ခု ရရှိစေမည် ဖြစ်ပါသည်။

ထိုအကဲဖြတ်ရေးကို ကိုယ်တွယ်စီမံရန်၊ အချက်အလက်များ ပြုစုရန်နှင့် ကျွန်ုပ်တို့၏ စီမံကိန်းချမှတ်ရေးအတွက် အထောက်အကူပြုမည့် ပြည့်စုံသော အစီရင်ခံစာများ ပေးအပ်နိုင်ရန်အတွက် PLC Associates Inc. ကိုရွေးချယ်ပြီး ဖြစ်ပါသည်။PLC Associates အနေဖြင့်  ရာနှင့်ချီသော ကျောင်းများနှင့် လက်တွဲလုပ်ခဲ့ဖူးပြီး ထိုလုပ်ငန်းစဉ်များအတွက် အစိုးရပညာရေးဌာနမှ တရားဝင်ထောက်ခံချက် ရရှိထားသော  ပံ့ပိုးသူလုပ်ငန်းရှင်ဖြစ်ပါသည်။ အဆိုပါ စစ်တမ်းကောက်ယူခြင်းများအတွက် ၎င်းကုမ္ပဏီသည် တင်းကျပ်သော ဥပဒေစည်းမျဉ်းကို  လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

ဤအရေးကြီး စစ်တမ်းဖြည့်စွက်ခြင်းအတွက် သင်၏ ထောက်ကူပေးမှုကို ကျွန်ုပ်တို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။  တစ်စုံတစ်ရာ မေးမြန်းရန် သို့မဟုတ် ရှင်းပြချက်ကို လိုအပ်ပါက ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်း ပြုစုရေးနှင့် ညွှန်ကြားရေးရုံး (Office of Curriculum and Instruction) သို့ ဖုန်းနံပါတ် 475-6060 ဖြင့် ဆက်သွယ်နိုင်ပါသည်။ မိဘနှင့် အုပ်ထိန်းသူများသည် ကျွန်ုပ်တို့ လုပ်ဆောင်သည့်အရာမှန်သမျှ၏ အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိနေပြီး ပြန်လည်ဖြေကြားရန် အချိန်ပေးခြင်းအတွက် ကျေးဇူးတင်အပ်ပါသည်။   စစ်တမ်းအဖြေများကို စောင့်မျှော်နေမည် ဖြစ်ပါသည်။

လေးစားစွာဖြင့်

Kaweeda G. Adams
Superintendent of Schools

1 ACADEMY PARK • ALBANY, NEW YORK 12207
PHONE - (518) 475-6010 FAX - (518) 475-6014
အီးမေးလ် - KADAMS@ALBANY.K12.NY.US